
News Feed
အကြည်တော် feeling crazy
8 minutes ago
likes
00000 likes 1000c0mment
Like
Comment
Share
Status
Photo
Check In

## Feelingမျက်ခွက်တစ်ခွက်ကွက်ပြောင်

ရိုးရိုးလေးပဲပြောမယ်။မိန်းမတွေဘယ်လိုစိတ်ရှိတယ်ပြောနေတာမဟုတ်ပါဘူး။
ယောက်ျားတွေမိန်းမတွေအပေါ်ဘယ်လိုစိတ်ရှိတယ်ဆိုတာပြောပြနေခြင်းဖြစ်ပါတယ်။ဒီလိုရေးနိုင်ဖို့  ကျွန်တော့်ခမျာကြိုးစားလာခဲ့ရတာမိန်းမပေါင်းစုံပစ်သွားသည် အထိ။

* * *

# Feeling ပြန်ပေးပါမယ်ဆို

လောကမှာ ပြစ်မှုလုပ်ပြီးပြစ်မှုမမြောက်တာရှိတယ်။ဥပမာ - လူတစ်ယောက်ကသူများ ပိုင်တဲ့ အပ်တိုလေးတစ်ချောင်းခိုးရင်တောင်ခိုးမှုပဲ။ခိုးယူထားတဲ့ ပစ္စည်းကိုအသိတရားရပြီးသွားပြန်အပ်ရန်အခိုးခံရသူကကျေကျေနပ်နပ်လက်ခံကြပါတယ်။

လောကမှာ သူများ ပစ္စည်းခိုးပြီးပြန်မပေးရတာမိန်းမပဲရှိတယ်။

စဉ်းစားကြည့်လေဒီပစ္စည်းကိုယ့်ပစ္စည်းလည်း မဟုတ်။သူများ ဘိုးဘွားပိုင်ကြီး။ဒါကြီးကိုသွားခိုးပြီးမှ ကျွန်တော်ပြန်အပ်ပါရစေဆိုတာနဲ့တောင်အခုတ်ခံရမယ်။ကိုယ်လိုချင်လို့ ခိုးကိုယ်ယူပဲ။

ခိုးပြီးမှ အသိတရားရလို့ မဖြစ်တာမိန်းမခိုးတာပဲ။

ပြန်အပ်တာကိုလက်ခံရင်လည်း ခဏပဲ။

အဲပိုထူးဆန်းတာကခိုးရာပါပစ္စည်းကိုတရားဝင်ပြန်တောင်းယူလို့ရပြန်တာလည်း မိန်းမပဲ။ခိုးတယ်၊ပြန်အပ်တယ်၊ပြန်တောင်းတယ်။

တရားဥပဒေအရဘာပြစ်မှုမှ မမြောက်ပေမယ့်လူမှုဥပဒေအရအိမ်ထောင်ချလိုက်တော့တာပဲ။

အဲဒီအိမ်ထောင်ကဟိုထောင်ထက်ဆိုးပါတယ်။အလုပ်ကြမ်းနဲ့ ထောင်ဒဏ်တစ်သက်၊လွတ်ရက်မရှိပေ့ါ။ခိုးမှုကြောင့်ပြစ်ဒဏ်အကြီးဆုံးခံရတာလည်း မိန်းမခိုးမှုပါပဲ။

* * *

## Feeling ကျန်သေးလားဟင်

အသည်းခွဲခံလိုက်ရတဲ့ မိန်းကလေးတွေကယောကျ်ားတွေကိုသတ်ပစ်ချင်လောက်အောင်မုန်းတယ်။ဒါပေမဲ့မကြာပါဘူးတစ်ယောက်ယောက်များ အသက်ရှင်ကျန်ဦးမလားဆိုပြီးပြန်ရှာပြန်ရော။

* * *

## Feeling ပုံပြင်

ယောက်ျားတွေကမိန်းကလေးတွေရဲ့ အလှကိုကြည့်ရင်တင်းတိမ်နိုင်ရပါတယ်။

ဥပမာမိန်းကလေးတစ်ယောက်ရဲ့ မျက်နှာကိုကြိုက်ရင်ခန္ဓာကိုယ်ကိုမကြည့်ပါနဲ့ ။ခန္ဓာကိုယ်ကိုကြိုက်ရင်မျက်နှာကိုမကြည့်ပါနဲ့ ။

အဲဒါပေမဲ့ထူးထူးခြားခြားခန္ဓာကိုယ်ရောမျက်နှာပါလှတဲ့ မိန်းကလေးတစ်ယောက်တလေများ ရှိခဲ့ရင်အတွင်းစိတ်ကိုကြည့်မနေပါနဲ့တော့။လောကမှာ အလုံးစုံပြည့်စုံတဲ့ မိန်းမစင်ဒရဲလားပုံပြင်ထဲကထွက်မလာသေးလို့ ပါ။

* * *

## Feeling သွေးတိုးအောင်ဆေးထိုးတာ

စိတ်မကောက်တတ်တဲ့ မိန်းမဟာလက်ဖက်ခြောက်မခတ်ထားတဲ့ ရေနွေးလိုပဲဘာအရသာမှ မရှိဘူးတဲ့ ။ဒါကြောင့်မိန်းမတွေအရသာရှိစွာ စိတ်ကောက်နိုင်အောင်ယောက်ျားတွေကလက်ဖက်ခြောက်ခတ်ပေးရမယ်လေ။

* * *

## Feeling ကိုင်း . . . ရန်စပြီ

စိတ်ကောက်နေတဲ့ မိန်းမဟာကြောက်တတ်ပြီးရန်ဖြစ်နေတဲ့ သူနဲ့ အတူတူပဲ။လူဆွဲများ လေပိုကန်းတတ်လေလေ။ဘယ်သူမှ ဂင်မဆွဲမှာ လည်း ရင်လေးရပြန်ရော။စိတ်ကောက်နေစဥ်သူကမချော့ရင်ပေါ့။ဒါပေ မဲ့ယောကျ်ားလေးအတွက်တော့ပူစရာမဟုတ်ပါဘူး။ မိန်းမတွေဟာစိတ် ကောက်နေစဥ်ချစ်သူကပြန်မချော့ရင်ရင်လေးတတ်ပေမယ့်သူတို့ ကိုင် ထားတဲ့ ပိုက်ဆံအိတ်ပေါ့လာတာလောက်မိန်းမတွေရင်လေးတာဘာမှ မရှိဘူး။

* * *

## Feeling အချင်းချင်းအားပေးတာ

ယောက်ျားလေးတွေကမိန်းကလေးတွေကိုကြည့်တဲ့ အခါမိန်းကလေးလှမလှပဲကြည့်ကြတယ်။မိန်းကလေးတွေကမိန်းမလှကိုကြည့်ရင် တောင်သူ့ဂုဏ်စုံလှမလှအရင်ကြည့်ကြတယ်။

* * *

## Feeling ဂတုတ်ကြီးဂတုတ်ကြီးဟ

မိန်းကလေးတွေနဲ့ ပတ်သက်လာရင်

ဘယ်တော့မှ လျှော့မတွက်သင့်ဘူး။

ပိုတွက်ထားမှ တန်ကာကျတယ်။

ဥပမာ . . . မျက်စိရှေ့တင်ဂလာတဲ့ မိန်းကလေးကိုပိန်သွားတယ်လို့ ပြောရပြီးပိန်သွားတဲ့ မိန်းကလေးကိုဂလာတာတယ်လို့ ပြောရတယ်။

ကိုယ်လိမ်ပြောမှ သူတို့ ကစိတ်ချမ်းသာတာမျိုးရှိတာကိုး။

ဘာလို့ လဲဆိုတော့မိန်းကလေးတွေကတစ်ခါတလေသူတို့ ကိုယ်သူတို့ လျှော့တွက်ထားကြတယ်။

စဉ်းစားကြည့်လေ။သူတို့ အကြောင်းအမှန်အတိုင်းပြောရင်တောင်မနာလိုလို့ ပြောရတယ်ဖြစ်သေး . . . ဟီဟိ။

* * *

# Feeling အချစ်သင်ရိုးသစ်

အချစ်ကိစ္စနဲ့ ကျရှုံးမှာ စိုးလို့ လူတိုင်းကိုသာသင်ခန်းစာယူနေမယ်ဆိုရင်ဘယ်တော့မှ ပြီးဆုံးနိုင်မှာ မဟုတ်ဘူး ။ဘာလို့ လဲဆိုတော့အချစ်ကိစ္စမှာ သင်ရိုးညွှန်းတမ်းရှိရင်တောင်သင်ခန်းစာကခဏခဏပြောင်းတယ်လေ။

* * *

## Feeling နားမလည်နိုင်သောပုစ္ဆာ

ချစ်သူရည်းစားဘဝမှာ ယောကျ်ားလေးတွေကမိန်းကလေးတွေကိုချစ်နေဖို့ ပဲလိုတယ်။နားလည်ဖို့ လုံးဝမကြိုးစားပါနဲ့ ။နားလည်သွားပြီလို့ထင်တဲ့ အချိန်မှာ ခင်ဗျားအိမ်ထောင်ကျပြီဆိုတာသေချာပြီ။အဲဒီအခါကျရင်ခင်ဗျားတို့ နှုတ်က ‘ဒီမိန်းမတော့နားမလည်နိုင်ပါဘူး’ဆိုတဲ့စကားပြန်ကြားရလိမ့်မယ်။ဘာလို့ လဲဆိုတော့ ‘မိန်းမတွေကိုဘယ်သူမှနားမလည်နိုင်ဘူးဆိုတာခင်ဗျားနားလည်သွားလို့ ပဲ’။အဲဒီအခါကျရင်ခင်ဗျားဟာပညာရှိထက်သာတဲ့ အိမ်ထောင်ရှင်ဖြစ်နေပြီ။ဘာလို့ လဲသိလား . . . ကိုယ်မှားတဲ့ အခါအမှားကိုသိပြီးဝန်ခံတာကပညာရှိတဲ့ ။အဲကိုယ်မှန်တာတောင်မှားခဲ့ကြောင်းဝန်ခံတာအိမ်ထောင်ရှိတွေလေ။

* * *

## Feeling ခက်ခဲကြမ်းရှလူပျိုကြီးဘဝ

လူပျိုကြီးဖြစ်ရတာလွယ်လှတာတော့ မဟုတ်ဘူး ။

လူတိုင်းကရွေးဟောင်းပစ္စည်းလိုအကြည့်ခံရတာတစ်မျိုး၊

ဘယ်သူမှ မသုံးလို့ ကျန်ခဲ့ရတဲ့ အပိုပစ္စည်းလို့ အထင်ခံရတာကတစ်မျိုး၊

အဆိုးဆုံးကတော့ကိုယ့်အသိထဲကမွေးကြတဲ့ ကလေးတွေကိုယ်နဲ့ ခပ်ဆင်ဆင်တူနေရင်သိပ်အနေရခက်တာပဲသိလား။

* * *

## Feeling မေ့

အဖေကပြောတယ်

‘သားရယ်မင်းလိုလူတော်ကမျိုးဆက်တော့ချန်ထားခဲ့သင့်တာပေါ့’

ကျွန်တော်ကပြောတယ်

‘ထားခဲ့တာပေါ့အဖေရယ်။ဘယ်မှာ ထားခဲ့မိမှန်းသားမသိလိုက်တာ’

* * *

## Feeling ဂြိုဟ်သားတိုက်ပွဲ

သိပ္ပံပညာရဲ့ တိုးတက်မှုကအံ့မခန်းပါပဲ။

လကမ္ဘာကိုခြေချတာအပြင်

အာကာသထဲဟန်းနီးမွန်းထွက်သူတွေတောင်ရှိနေပါပြီ။

ဒါကနောက်ကျလှပါပြီ။သိပ္ပံပညာနဲ့ ပတ်သက်ပြီးအိမ်ထောင်ရှိတဲ့ယောကျ်ားတွေကမိန်းမကိုဂြိုဟ်သားတစ်ယောက်လိုတစ်ခါတော့ကြည့်ဖူးတယ်။ဘာကြောင့်လဲဆိုတော့သူတို့ ဟာမိန်းမတွေပစ်လွှတ်လိုက်တဲ့ပန်းကန်ပြားပျံကိုမြင်ဖူးလိုက်လို့ လေ။

* * *